## သတင်းပို့အဖွဲ့အစည်း

- ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ MGJEA နှင့်မြို့နယ်အသင်းခွဲများသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် နည်းဥပဒေများအရ သတင်းပို့အဖွဲ့အစည်းများ ဖြစ်ကြပြီး AML/CFT လုပ်ငန်းများအပေါ် သိရှိလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ကြီးကြပ်ရေးအာဏာပိုင်က ဘာတွေကြီးကြပ်သလဲ?

- MGE သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများ၏ ကြီးကြပ်ရေးအာဏာပိုင် ဖြစ်ပါသည်။
- MGE အနေဖြင့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအား ကြီးကြပ်စစ်ဆေးခြင်းကို Off-site/ On-site Examination (၂)မျိုးဖြင့် ဆောင်ရွက်ပါသည်။
- Off-site Examination ကို အောက်ပါအတိုင်း ဆောင်ရွက်ပါသည် -
  - မေးခွန်းများပြုစု၍ ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအား ရွေးချယ်သတ်မှတ်ပြီး မေးခွန်းလွှာများ ပေးပို့ခြင်း၊
  - ဖြေကြားချက်များအပေါ် အကဲဖြတ်နည်းလမ်းဖြစ်သည့် RAT ဖြင့် အသုံးပြုတွက်ချက်၍ Risk Score သတ်မှတ်ခြင်း။
- On-site Examination ကို အောက်ပါအတိုင်း ဆောင်ရွက်ပါသည် -
  - Risk Score အများဆုံးရရှိသည့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအား On-site စစ်ဆေးနိုင်ရေး ရွေးချယ်ခြင်း၊
  - Off-site မေးခွန်းများမှ တွေ့ရှိရသည့် အားနည်းချက်များ၊ လိုအပ်ချက်များအပေါ်အခြေခံ၍ မေးခွန်းများကြိုတင်ပြုစုခြင်း၊
  - ရွေးချယ်ထားသည့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအား On-site စစ်ဆေး၍ မေးခွန်းများ မေးမြန်းခြင်း၊ စာရွက်စာတမ်းအထောက်အထားများ တောင်းခံရယူစိစစ်ခြင်း၊
  - ဖြေကြားချက်များနှင့် စာရွက်စာတမ်းအထောက်အထားများအပေါ်မူတည်၍ Off-site Risk Score များနှင့်ချိန်ညှိပြီး ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်များ သတ်မှတ်ခြင်း။
- MGE အနေဖြင့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအား ဆုံးရှုံးနိုင်ခြေအန္တရာယ်သတ်မှတ်ပြီးပါက ထိုသို့သတ်မှတ်ထားကြောင်း ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများထံ အကြောင်းကြားပါသည်။
- ထို့နောက် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက AML/CFT လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ/မရှိ စဉ်ဆက်မပြတ် ကြီးကြပ်စစ်ဆေး၍ ဆောင်ရွက်ခြင်းမရှိပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ရေး အထက်ဌာနသို့ တင်ပြဆောင်ရွက်ပါသည်။

## Glossary

- ML — Money Laundering
- AML — Anti-Money Laundering
- FT — Financing of Terrorism
- CFT — Countering the Financing of Terrorism
- CBM — မြန်မာနိုင်ငံတော်ဗဟိုဘဏ်
  Central Bank Of Myanmar
- FIU — ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
  Financial Intelligence Unit
- MGE — မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
  Myanmar Gems Enterprise
- MGJEA — မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
  Myanmar Gems & Jewellery Entrepreneurs Association
- CO — အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ
  Compliance Officer
- Off-site — ရုံးထိုင်စစ်ဆေးခြင်း
- On-site — ကွင်းဆင်းစစ်ဆေးခြင်း
- RAT — ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်နည်းလမ်း
  Risk Assessment Tool
- Risk Score — ဆုံးရှုံးနိုင်ခြေအကဲဖြတ်ရမှတ်

## အသေးစိတ်သိရှိလိုပါက

### ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

လိပ်စာ ကျွန်းရွှေမြိုင်လမ်း၊ နေသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း ၀၆၇၃ ၄၁၁၆၈၄
Email relation@myanmarfiu.com
Website www.mfiu.gov.mm

### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

လိပ်စာ ရာဇသင်္ဂဟလမ်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း ၀၆၇၃ ၄၁၄၄၉၇၊ ၀၆၇၃ ၄၁၄၃၄၂
Email mge@e-monrec.gov.mm
Website www.mge.gov.mm

### မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

လိပ်စာ ရာဇသင်္ဂဟလမ်း၊ မဏိရတနာကျောက်စိမ်းခန်းမ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း ၀၆၇၃ ၄၃၂၃၈၁၊ ၀၆၇၃ ၄၃၂၂၀၁
Email mgjea.npt@gmail.com, info@mgjea.com
Website www.mgjea.com

# ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT)ဆိုင်ရာ သိမှတ်ဖွယ် လက်ကမ်းစာစောင်



# ANTI-MONEY LAUNDERING AND COUNTERING THE FINANCING OF TERRORISM FOR DEALERS IN PRECIOUS STONES

### ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများ

- ကျောက်မျက်ရတနာလုပ်ငန်း ဆောင်ရွက်သူများတွင် ကျောက်မျက်ရတနာတူးဖော်သူများ၊ ကျောက်မျက်ရတနာ ဖြတ်တောက်သူများ၊ ကျောက်မျက်ရတနာသွေး/အရောင်တင်သူများနှင့် ကျောက်မျက်ရတနာရောင်း/ဝယ်သူများ အားလုံး ပါဝင်ပါသည်။

## ငွေကြေးခဝါချမှု (ML)ဆိုတာ ဘာလဲ?

- ငွေကြေးခဝါချမှု ဆိုသည်မှာ တရားမဝင် ရရှိသော ငွေများ၊ ပစ္စည်းများ၊ အမြတ်အစွန်းများ၏ မူလဇစ်မြစ်နှင့်ပိုင်ဆိုင်မှုတို့ကို ဖုံးကွယ်ရန်၊ ပြောင်းလဲရန်အတွက် ကြိုးပမ်းအားထုတ်မှု၊ လုပ်ဆောင်မှုပင် ဖြစ်ပါသည်။ တရားမဝင်ရရှိသော ငွေများ၊ ပစ္စည်းများ၊ အမြတ်အစွန်းများအတွက် တရားစွဲဆိုခံရခြင်း၊ ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊ သိမ်းယူခံရခြင်းများကို ရှောင်ရှားနိုင်စေရန် ငွေကြေးခဝါချမှုကို လုပ်ဆောင်ကြပါသည်။

## အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု(FT)ဆိုတာ ဘာလဲ?

- အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆိုသည်မှာ အကြမ်းဖက်မှုများအတွက် ငွေကြေးထောက်ပံ့ရန် မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို ဆိုလိုပါသည်။

## ML နှင့် FT တို့က ဘာတွေကွာခြားသလဲ?

- ငွေကြေးခဝါချမှုလုပ်ဆောင်သော ငွေများသည် တရားမဝင် ရရှိသော ငွေများ သို့မဟုတ် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေများပင် ဖြစ်ပါသည်။ ငွေကြေးခဝါချမှု လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှာ တရားမဝင်ရရှိထားသော ငွေ၊ ပစ္စည်းများကို တရားဝင်ဖြစ်စေရန် ဖြစ်ပါသည်။
- အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတွင် တရားမဝင်ရရှိသော ငွေများ၊ ပစ္စည်းများနှင့် တရားဝင်ရရှိသော ငွေများ၊ ပစ္စည်းများ ပါဝင်ပါသည်။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၏ ရည်ရွယ်ချက်မှာ ယင်းငွေများ၊ ပစ္စည်းများကို အကြမ်းဖက်လုပ်ဆောင်မှုများအတွက် အသုံးပြုရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## ဘာကြောင့် ML နှင့် FT တို့ကို တိုက်ဖျက်သင့်ပါလဲ?

- ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကြောင့် လူမှုအဖွဲ့အစည်း၊ စီးပွားရေး အသိုက်အဝန်း၊ နိုင်ငံ၏ဘဏ္ဍာရေးစနစ်တစ်ခုလုံးတွင် အဂတိတရားများ၊ ဝိသမသမားများစသည့် မကောင်းသော အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ပြီး ဆိုးဝါးသော အကျိုးဆက်များ ဖြစ်ပေါ်လာစေနိုင်ပါသည်။
- ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကြောင့် မိမိတို့ လူမှုဝန်းကျင်တစ်ခုလုံးအတွက် နိုင်ငံတကာက ပိတ်ဆို့အရေးယူခြင်းများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆုံးရှုံးခြင်းစသည့် အမျိုးမျိုးသော အခက်အခဲများကို ရင်ဆိုင်ရနိုင်ပါသည်။

## ဘာကြောင့် AML နှင့် CFT တို့၏ အကြောင်းကို ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက သိထားသင့်ပါသလဲ?

- ကျောက်မျက်ရတနာများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ လုပ်ဆောင်ရန်အတွက် ဆွဲဆောင်မှုရှိသော၊ အသုံးဝင်သော ပစ္စည်းများ ဖြစ်ပါသည်။
- ကျောက်မျက်ရတနာများကို ငွေကြေးအဖြစ် အလွယ်တကူ ပြောင်းလဲခြင်းဖြင့် ငွေလွှဲပြောင်းမှုကို လျှို့ဝှက်ဖုံးကွယ်စွာ ဆောင်ရွက်နိုင်သည့်အခြေအနေရှိပါသည်။
- ကျောက်မျက်ရတနာများ၏ သဘာဝနှင့် အရွယ်အစားအရ တစ်နိုင်ငံမှတစ်နိုင်ငံ၊ တစ်နေရာမှတစ်နေရာသို့ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်သဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့အတွက် ကျောက်မျက်ရတနာများကို အသုံးချနိုင်ပါသည်။
- ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့တွင် ကျောက်မျက်ရတနာများသည် အရေးပါသော အခန်းကဏ္ဍအဖြစ် ရှိနေပါသည်။

## ကျောက်မျက်ရတနာလုပ်ငန်း ဆောင်ရွက်သူများက ဘာကြောင့် AML နှင့် CFT လုပ်ငန်းများကို သိရှိလိုက်နာဆောင်ရွက်သင့်တာလဲ?

- ကျောက်မျက်ရတနာလုပ်ငန်းကို အသုံးပြုပြီး တရားမဝင်ရရှိသော ငွေကြေး၊ ပစ္စည်း၊ အမြတ်အစွန်းများကို တရားဝင်ဖြစ်စေရန် လုပ်ဆောင်ခြင်းသည် ကျောက်မျက်ရတနာဈေးကွက်ကို ထိခိုက်နိုင်သဖြင့် AML/CFT ဆိုင်ရာလုပ်ငန်းများကို ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက သိရှိလိုက်နာဆောင်ရွက်သင့်ပါသည်။
- ထို့အတူ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတို့သည် ကမ္ဘာ့ငွေကြေးဈေးကွက်ကို ထိခိုက်စေနိုင်သည့်အတွက် တစ်ကမ္ဘာလုံးက AML/CFT ဆိုင်ရာ လုပ်ငန်းများကို လိုက်နာဆောင်ရွက်လျက်ရှိခြင်းကြောင့် ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများကလည်း သိရှိလိုက်နာဆောင်ရွက်သင့်ပါသည်။

## ကျောက်မျက်ရတနာလုပ်ငန်းဆောင်ရွက်သူများက သိရှိလိုက်နာဆောင်ရွက်ရမည့် AML နှင့် CFT လုပ်ငန်းများက ဘာတွေလဲ?

- ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မည့် CO အဖြစ် ကိုယ်တိုင် သို့မဟုတ် ဝန်ထမ်းတစ်ဦး သို့မဟုတ် ပြင်ပပညာရှင် တစ်ဦးကို ခန့်ထားရပါမည်။
- AML/CFT ဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ သတ်မှတ်ထားရှိရပါမည်။
- သတ်မှတ်ပမာဏထက်(ကျပ်သန်း ၁၀၀ နှင့်အထက်) ကျော်လွန်သောရောင်းချရမှုများ၊ သံသယဖြစ်ဖွယ်ရောင်းချရမှုများကို သတ်မှတ်ပုံစံဖြင့် FIU သို့ သတင်းပို့တင်ပြ၍ MGE သို့ မိတ္တူပေးပို့ တင်ပြရပါမည်။
- သတ်မှတ်ပမာဏထက် ကျော်လွန်သော ရောင်းချရမှုများကို CBM ၏ညွှန်ကြားချက်နှင့်အညီ ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်ရပါမည်။
- ဝယ်ယူသူ၏ အချက်အလက်များကို စိစစ်ရပါမည်။
- ဝယ်ယူသူနှင့်သက်ဆိုင်သည့်အချက်အလက်များ၊ အရောင်းအဝယ်ပြုလုပ်ခဲ့သော ကျောက်မျက်ရတနာရောင်းဝယ်ခြင်းဆိုင်ရာလုပ်ငန်းမှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရပါမည်။
- ထို့အတူ အဆိုပါမှတ်တမ်းများကို ML/FT မှုခင်းများအပါအဝင် အခြားပြစ်မှုများအတွက် လိုအပ်ပါက အထောက်အထားအဖြစ် အသုံးပြုနိုင်ရန် MGE, FIU နှင့် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက လိုအပ်ချက်အရ တောင်းခံပါက ပေးပို့နိုင်ရေး စီစဉ်ထားရှိရပါမည်။